# ၁၉၀၀ မှ ၁၉၂၀ အတွင်းမြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု

## ပါရဂူ(Ph.D)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မချိုချိုတင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

''၁၉၀၀ မှ ၁၉၂၀ အတွင်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု'' ပါရဂူဘွဲ့ကျမ်းသည် ၁၉၀၀ မှ ၁၉၂၀ အတွင်း မြန်မာစာပေ၌ ပေါ်ထွက်ခဲ့သည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ စကားပြေ အထွေထွေကဏ္ဍတို့၏ အကြောင်းအရာပိုင်း၊ အရေးအဖွဲ့ပိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာဆန်းစစ်တင်ပြထားသော ကျမ်းတစ်စောင်ဖြစ်ပါသည်။

အခန်း (၁) တွင် ၁၉၀၀ မှ ၁၉၂၀ အတွင်း ခေတ်ကာလနောက်ခံအခြေအနေများ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာစာပေ၊ ယဉ်ကျေးမှုအခြေအနေတို့ကို တင်ပြထားပါသည်။ ထိုနောက်ခံအခြေအနေများအရ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်ခဲ့သော စာပေအရေးအဖွဲ့တို့သည် နိုင်ငံရေး၊ လူမှုရေး၊ အမျိုးသားရေး ဦးတည်ချက် စေတနာဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ လူ့သဘော၊ လူ့စရိုက်၊ လူ့အမှုအရာတို့ကို ထင်ဟပ်ထုတ်ဖော်ရေးဖွဲ့လာကြပြီ ဖြစ်ကြောင်း လေ့လာတင်ပြထားပါသည်။

အခန်း (၂) ဝတ္ထုရှည်ကဏ္ဍတွင် ဝတ္ထုရှည်၏သဘော၊ မြန်မာကာလပေါ်ဝတ္ထုများ ပေါ်ပေါက်လာပုံ၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်လာသော ကာလပေါ်ဝတ္ထုရှည်များ မိတ်ဆက်၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်သော မြန်မာကာလပေါ်ဝတ္ထုရှည်များ ဖွံ့ဖြိုးတိုးတက်ပုံ ချိုင့်လေ့လာချက်တို့ကို ရေးသားတင်ပြထားပါသည်။

ထို့အတူ အခန်း (၃) ဝတ္ထုတိုကဏ္ဍတွင်လည်း ဝတ္ထုတို၏သဘော၊ မြန်မာဝတ္ထုတိုများ ပေါ်ပေါက်လာပုံ၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်သော မြန်မာဝတ္ထုတိုများမိတ်ဆက်၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်သော မြန်မာဝတ္ထုတိုများ ဖွံ့ဖြိုးတိုးတက်ပုံလေ့လာချက်တို့ကို ချိုင့်လေ့လာတင်ပြထားပါသည်။

အခန်း (၄) ကဗျာကဏ္ဍတွင် ကဗျာ၏သဘော၊ ၁၉၀၀ ခုနှစ်မတိုင်မီ မြန်မာကဗျာအခြေအနေ၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း မြန်မာကဗျာဖွံ့ဖြိုးတိုးတက်မှု၌ ကဗျာလင်္ကာအဖွဲ့နှင့် ဂီတစာပေအဖွဲ့များ ဖွံ့ဖြိုးတိုးတက်မှုဟူ၍ ပိုင်းခြားတင်ပြထားပါသည်။

အခန်း (၅) ပြဇာတ်ကဏ္ဍတွင် ပြဇာတ်၏သဘော၊ ၁၉၀၀ ခုနှစ်မတိုင်မီ မြန်မာပြဇာတ်များ၏ အခြေအနေ၊ ၁၉၀၀ မှ ၁၉၂၀ ခုနှစ်မတိုင်မီ မြန်မာပြဇာတ်များ မိတ်ဆက်နှင့် ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်သော မြန်မာပြဇာတ်စာပေ ဖွံ့ဖြိုးတိုးတက်ပုံတို့ကို ချိုင့်လေ့လာတင်ပြထားပါသည်။

အခန်း (၆) စကားပြေအထွေထွေကဏ္ဍတွင် စကားပြေသဘော၊ စကားပြေအမျိုးအစားများ၊ ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ပေါက်သော စကားပြေများမိတ်ဆက်နှင့် ၁၉၀၀ မှ ၁၉၂၀ အတွင်း ပေါ်ထွက်သော စကားပြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပုံလေ့လာချက်တို့ ပါဝင်ပြီး စကားပြေအမျိုးအစားအလိုက် ဖွံ့ဖြိုးတိုးတက်ပုံကို ချိုင့်၍ ဆန်းစစ်ပြထားပါသည်။ ကျမ်းအပြီး၌လည်း အခန်းတိုင်းအတွက် ချုံငုံသုံးသပ်ချက်နှင့် နိဂုံး၊ ကျမ်းကိုးစာရင်းတို့ကို ထည့်သွင်းတင်ပြထားပါသည်။

မြန်မာစာပေသည် ရှေးအစဉ်အလာကို အခြေခံလျက် ကမ္ဘာ့စာပေနည်းတူ၊ ဒိဋ္ဌဓမ္မလူ့လောက၌ မြင်ရ ကြုံတွေ့ရသည့် လူ့စိတ်၊ လူ့သဘောထားနှင့် ကိုယ်စိတ်နှလုံး (၃) ပါး အမှုအရာတို့ကို သဘာဝကျအောင် ထင်ဟပ်ရေးဖွဲ့လာနိုင်မှု၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းက ရေးဖွဲ့ကြသော ဗုဒ္ဓစာပေဆိုင်ရာ၊ ထီးနန်းဆိုင်ရာ အကြောင်းအရာတို့သာမက ဒိဋ္ဌဓမ္မလူ့လောက ဝန်းကျင်တွင် နေ့စဉ်ကြုံတွေ့နေရသော အဖြစ်အပျက်ကိစ္စများကို ရေးဖွဲ့လာနိုင်မှုတို့သည် ၁၉၀၀ မှ ၁၉၂၀ အတွင်း မြန်မာစာပေ၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ကြောင်း ထုတ်ဖော်တင်ပြထားပါသည်။